ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်၊ နံပတ် (၁၀၈)

နေ့စွဲ – ၂၀. ၅. ၂၀၁၂

**သူ့ပါးတဆူဘုရားသခင်ပြောသည့်အတိုင်း ရိုသေလေးစားထိုက်သူကို ရိုသေလေးစားသော ခရစ်ယာန်တို့၏ ကိုယ်ကျင့်တရားတည်ဆောက်ပုံ**

**ပဥ္စမပညတ်တော် – သင်၏ဖခင်နှင့် သင်၏မိခင်ကို ရိုသေလေးစားပါ၊ ထိုသို့ဖြင့် သင်၏နေ့ရက်တို့သည် သင်၏သခင် ဘုရားသခင်က ပေးသောမြေတွင် ရှည် လျားမည်ဖြစ်သည်၊ ဒါဟာ မူရင်းအင်္ဂလိပ်ဘာသာကနေ ပြန်ထားတာဖြစ်တယ်၊ အင်္ဂလိပ်မူရင်းမှာ (** Honour thy father and thy mother: that thy days may be long upon the land which the LORD thy God giveth thee. Exodus 20:12 KJV**)လို့တွေ့ရ ပါတယ်၊ ဆရာယုဒသန်မြန်မာကျမ်းစာမှာ** "သင်၏ဘုရားသခင် ထာဝရဘုရား ပေးသနားတော်မူသောပြည်၌ သင်၏အသက်တာ ရှည်မြင့်မည်အကြောင်း၊ သင်၏မိဘကိုရိုသေစွာပြုလော့။"**လို့ဖြစ်ပါတယ်။**

- **ဒီပညတ်တော်ကို ရှင်ပေါလုက ဓမ္မသစ်ကျမ်းမှာ နှစ်ကြိမ်တိတိ ဂျူးမဟုတ်တဲ့လူမျိုးတွေ အများစုနဲ့ ဖွဲ့စည်းထားတဲ့ အသင်းတော်တွေအတွက် ပြန်သုံးထားတဲ့အတွက်(ဧဖက် ၆း၁–၂၊ ကောလောသဲ ၃း၂၀) ဒစ်စပင်ဆေးရှင်းနှစ်ခြင်းအသင်းတွေက ဘယ်လို ပြောပြော၊ ပညတ်တော်(၁၀)ပါးဟာ ခရစ်ယာန်တွေရဲ့ ကိုယ်ကျင့်တရားဥပဒေသတွေဘဲဖြစ်ကြပါတယ်။ သခင်ယေရှုက သက်သေခံ နှစ်ဦးရှိရင် အမှန်လို့ သတ်မှတ်ပါတဲ့၊ ဒါ့ကြောင့် သူကိုယ်တိုင်က ပေါလုအားဖြင့် နှစ်ကြိမ်သက်သေခံတာ ငြင်းချင်တဲ့သူငြင်းပေါ့၊ ကျွန်တော်တို့တော့ မငြင်းဘဲ လက်ခံကြ ပါတယ်။** "သို့မဟုတ် သင်၏စကားကိုနားမထောင်လျှင်၊ လူနှစ်ဦးသုံးဦးသက်သေခံ၍စကားရှိသမျှတို့ကို တည်စေခြင်းငှါ ကိုယ်နှင့်အတူ လူတဦးနှစ်ဦး ကိုခေါ်ဦးလော့"**(မဿဲ၁၈း၁၆)။** "အကြောင်းမူကား၊ အကြင်အရပ်၌လူနှစ်ဦးသုံးဦးတို့သည် ငါ၏ နာမကိုထောက်၍စည်းဝေးကြ၏၊ ထိုအရပ်၌ သူတို့ အလယ်မှာ ငါရှိသည်ဟုမိန့်တော်မူ၏"**(မဿဲ ၁၈း၂၀)။ "ယခုအကြိမ်သည် သင်တို့ထံ ငါ သုံးကြိမ်မြောက်လာခြင်းဖြစ်သည်။ သက်သေ နှစ်ဦး(သို့) သုံးဦးတို့၏နှုတ်ဖြင့် စကားရှိသမျှသည်အတည်ဖြစ်ရမည်"(၂ကော ၁၃း၁)။**

**ဒီပညတ်ကိုအပေါ်ယံကြည့်ရင် ကလေးတွေအတွက်လို့ထင်ရပါတယ်။ တိုက်ရိုက်အနေနဲ့ကလေးတွေကိုပြောထားပါတယ်။ ဒါပေမဲ့ ဒီပညတ်ကပြောနေတာဟာ ကျမ်းစာကပြောတဲ့ ရိုသေလေးစားထိုက်သူအားလုံးကို ခရစ်ယာန်တွေက လေးစားကြရမဲ့အကြောင်းကို ဘုရားသခင်ကပြောပြတာဖြစ်တယ်။ ဒီတော့ ကလေးတွေအတွက်သာမကတော့ဘဲ လူအားလုံးတွက်ဖြစ်လာပါတယ်။ ဒါကို သခင်ယေရှုကိုယ်တိုင်က၊ ဆီဇာဘုရင်ကြီးထံ အခွန်ပေးသင့်မပေးသင့်ကိုရှင်းပြတဲ့အချိန်မှာ ပြောပြပါတယ်။** "ကိုယ်တော်က၊ ကဲသာဘုရင်၏ဥစ္စာကို ကဲသာဘုရင်အားဆက်ပေးကြလော့။ ဘုရားသခင်၏ဥစ္စာကိုကား ဘုရားသခင်အားဆက်ပေးကြလော့ဟု မိန့်တော်မူ၏။"**(လု ကာ ၂၀း၂၅) ဒီနေရာမှာ သခင်ယေရှုပြောချင်တာက ခရစ်ယာန်ဖြစ်လို့ အစိုးရကိုမရိုမသေမလုပ်သင့်ပါ၊ အစိုးရထိုက်တန်တာကို အစိုးရထံပေးရမယ်၊ ဒါကို ပေါလုက ပိုပြီးရှင်းအောင်ပြောပြပါတယ်၊ "ထို့ကြောင့် သူတို့နှင့်ထိုက်တန်သည်ကို ပေးဆက်ပါ၊ အခွန် ပေးရမည့်သူထံ အခွန်ကိုပေးပါ၊ အခပေးရမည့်သူထံ အခကိုပေးပါ၊ ကြောက်ရမည့်သူကို ကြောက်ပါ၊ ရိုသေရမည့်သူကို ရိုသေပါ" (ရောမ ၁၃း၇)။**

**ကလေးများထံ**

**မိဘတွေကို ကလေးတွေက ရိုသေတာဟာ ဘုရားသခင်က ကလေးတွေကို တိုက်ရိုက်ညွှန်ကြားတာဖြစ်တော့၊ ကလေးတွေကို ဘုရားသခင်က ဘယ်လောက်ဂရုစိုက်သလဲဆိုတာ ရှင်းပါတယ်။ ဒါ့ကြောင့် နှစ်ခြင်းအသင်းတွေက ကလေးတွေကို ဗတ္တိဇံမပေးတာဟာ ဘုရားသခင်တန်ဖိုးထားသလိုမထားကြတာဘဲဖြစ်တယ်။ နှစ်ခြင်းတွေကပြောပါလိမ့်မယ်၊ ငါတို့လည်း ကလေးတွေကို တန်ဖိုးထားပါတယ်။ ဒါ့ကြောင့် ဆန်းဒေးစကူးတွေဘာတွေသင်တာပေါ့၊ တနင်္ဂနွေနေ့ဆို တရားဟောတာနဲ့ ကလေးတွေကို တနေရာမှာ သီးသန့် ဆရာမတွေနဲ့ကျမ်းစာသင်ပေးတာပေါ့လို့။ အဲဒါကိုက ခရစ်တော်တန်ဖိုးထားသလို တန်ဖိုးမထားဘဲ၊ သူတို့ကြိုက်သလို တန်ဖိုးထားတာဆိုတာကို ထင်ရှားနေစေပါတယ်။ ဘုရားသခင်က တန်ဖိုးထားသလို ထားချင်ရင်၊ ဘုရားသခင်ပြောသလို သူတို့ကို ထားရမှာဖြစ်တယ်။ အဲဒါ ကတော့ ဗတ္တိဇံပေးရမယ်၊ တနင်္ဂနွေနေ့ကျရင် တရားဟောတဲ့နေရာကနေ တခြားကိုခေါ်မသွားရဘူး၊ သင်းအုပ်တရားဟောခြင်း အောက်မှာ အမြဲတမ်းထားရမယ်၊ အိမ်မှာ ဖခင်က ညတိုင်းကျမ်းစာဖတ်ပေးရမယ်၊ အမေက အမြဲတမ်း ဆုတောင်းပေးရမှာဖြစ်တယ်။**

**ကလေးတွေအတွက်လည်း ဒီပညတ်ကိုလိုက်နာရတာဟာ၊ ဘုရားသခင်က သူတို့ကို မိဘတွေအားဖြင့် ကမ္ဘာကြီးထဲပို့လိုက်လို့ဖြစ်တယ်။ ဘယ်သူမှ ကောင်းကင်ကနေ ကျမလာဘူး၊ မြေကြီးထဲကလဲ ထွက်မလာဘူး။ မိဘနှစ်ပါးကနေဘဲ လူ့လောကထဲ ရောက်လာကြတာဖြစ်တယ်။ နောက်တနည်းပြောရရင် ဘုရားသခင်က မိဘနှစ်ပါးကိုသုံးပြီး ကျွန်တော်တို့ကို ဖန်ဆင်းတာဖြစ်တယ်။ ဒီ့အတွက် မိဘတွေကိုလေးစားရမယ်။** "သားသမီးတို့၊ သခင်ဘုရား၏အလိုတော်ရှိသည့်အတိုင်း မိဘစကားကိုနားထောင်ကြလော့။ မိဘစကားကို နားထောင်ခြင်းအမှုသည် တရားသောအမှုဖြစ်၏။ မိဘကိုရိုသေစွာပြုလော့။ ဤပညတ်တော်ကား၊ သင်သည် ပြည်တော်၌ကောင်းစား၍ အသက်တာရှည်မြင့်မည်အကြောင်းဟူ၍ ဂတိတော်နှင့်ဆိုင်သောပဌမပညတ်ဖြစ်၏"**(ဧဖက် ၆း၁–၂)။**

ဒီကျမ်းပိုဒ်မှာ ပေါလုပြောချင်တာက၊ ပညတ်တော်(၁၀) ပါးကို ကျောက်ပြားနှစ်ချပ်အပေါ်မှာ ဘုရားသခင်ကိုယ်တိုင်ကရေးပေးတယ်၊ ပထမကျောက်ပြားပေါ်မှာ ပညတ်တော် လေးချက်ကို ရေးတယ်၊ နောက်ကျောက်ပြားပေါ်မှာ ကျန်တဲ့ပညတ်တော်ခြောက်ချက်ကို ရေးတယ်၊ ဒါ့ကြောင့် ပဉ္စမမြောက်ပညတ်တော်ဟာ ဒုတိယကျောက်ပြားရဲ့ ပထမဆုံးပညတ်လို့ပြောချင်တာဖြစ်တယ်။ ဒီပညတ်တော်ကိုလိုက်နာရင် စီးပွားရေးလည်းကောင်းမယ်၊ လူမှု ရေးလည်းကောင်းမယ်၊ အသက်လည်း ရှည်မှာဖြစ်တယ်။ ဘယ်လောက်ကောင်းပါသလဲ၊ ဒါကို ဂျူးတွေအတွက်ဘဲ ခရစ်ယာန်တွေ အတွက်မပါဘူးလို့ပြောနေကြတဲ့ နှစ်ခြင်းဒစ်စပင်ဆေးရှင်းတွေဟာ အတော်မှန်းဖို့ကောင်းပါတယ်။

**နောက်ကျမ်းပိုဒ်တပိုဒ်ကိုကြည့်ရအောင်၊** "သားသမီးတို့၊ မိဘစကားကို အရာရာ၌ နားထောင်ကြလော့။ မိဘစကားကို နားထောင်ခြင်း အမှုသည် သခင်ဘုရား နှစ်သက်တော်မူသော အမှုဖြစ်၏"**(ကောလောသဲ ၃း၂၀)။ မှုရင်းမှာ ဒီလိုရေးပါတယ်၊** Children, obey *your* parents in all things: for this is well pleasing unto the Lord. (Colossians 3:20 KJV) **ဒါ့ကြောင့် ဘာသာပြန်ရမယ်ဆိုရင် "ကလေးတို့၊ သင်တို့မိဘများကို အရာအားလုံး၌ နာခံကြပါ၊ အဘယ့်ကြောင့်ဆိုသော် ထိုသို့နာခံခြင်းသည် သခင်ဘုရားထံတွင် အလွန်နှစ်သက်စရာကောင်းပါသည်"လို့ဖြစ်ပါတယ်။ ဒါ့ကြောင့် ခရစ်ယာန်ကလေးတွေရဲ့ ဘုရားပေးတာဝန်၊ ဘုရားသခင် အင်မ တန်သဘောကျတဲ့အရာဟာ၊ မိဘတွေကို ခံမပြောတာဖြစ်တယ်၊ ပြန်မအော်တာဖြစ်တယ်။ မိဘတွေဟာ ဒိတ်အောက်နေပြီ၊ ခေတ် နောက်ကျနေပြီလို့ အထင်မသေးတာဖြစ်တယ်။ ဘယ်သူမှ ကြီးလာတဲ့အခါမှာ ဒုက္ခရောက်ချင်ကြမှာမဟုတ်ပါဘူး။ ဒီလို ဒုက္ခမ ရောက်အောင် ငယ်ငယ်ကထဲက မိဘအုပ်ထိန်းသူတွေကို ခံမပြော၊ ပြန်မအော်၊ ကလန်ကဆန်မလုပ်၊ အထင်မသေး၊ ပေကပ်ကပ် မလုပ်ဘဲ ဘာမဆိုအကြောင်းအရာမှာ မိဘအုပ်ထိန်းသူစကားကို ဘုရားသခင်မျက်နှာထောက်ထားပြီး နာခံရမှာဖြစ်ပါတယ်။ ဘယ် လောက်ဘဲ တုန်းတယ်လို့ထင်ရင်ထင်ပါ၊ အဆုံးမှာမိဘစကားကိုသာနားထောင်ပါ၊ ကြီးလာရင် ဘယ်တော့မှဒုက္ခမရောက်ပါဘူး။ တိမောသေဩဝါဒစာ ပထမဆောင် ၅း၂၄ မှာဒီလိုရေးထားပါတယ်၊** "အချို့သောသူတို့၏ဒုစရိုက်သည် ရှေ့သို့မဆကြထင်ရှားသား၍၊ အပစ်စီရင်ခြင်းသို့ အရင်အဦး သွားတတ်၏။ အချို့သော သူတို့၏ဒုစရိုက်သည် နောက်သို့လိုက် တတ်၏။–" **ဒါ့ကြောင့် ငယ်ငယ်ကပြုတဲ့ မိဘကိုကလန် ကဆန်လုပ်ခြင်း၊ ကိုယ့်ထက်ကြီးသူကို မရိုသေခြင်း၊ မိဘတွေက ဘုရားသခင့်ပညတ်တော်နဲ့အညီ ဆုံးမတာကို နားမထောင်ခြင်း စတဲ့ဒုစရိုက်မှုတွေဟာ ကျွန်တော်တို့ဘဝနောက်ကို တကောက်ကောက်လိုက်နေတတ်ပါတယ်။ ကြီးလာတဲ့အခါ၊ တခုခုကို လုပ်ရင် ဘာ မှန်းမသိတဲ့အခက်အခဲတွေ၊ ကျဆုံးခြင်းတွေ၊ မမျှော်မှန်း၊ မမျှော်လင့်တဲ့ဒုက္ခတွေ ရောက်ရောက်လာတတ်ပါတယ်။ ဘာဖြစ်လို့လဲဆို တော့ ကျွန်တော်တို့ ငယ်ငယ်ကပြုခဲ့တဲ့ဆိုးယုတ်မှုတွေကို ကြီးလာတဲ့အခါ မေ့သွားကြပေမဲ့လို့၊ အမှန်တရားအတိုင်း တရားစီရင်တဲ့ ဘုရားသခင်က ဘာကိုမှမမေ့လို့ပါဘဲ။ ဒါ့ကြောင့် ခရစ်တော်ပေးတဲ့အပြစ်ခွင့်လွှတ်ခြင်းသာမရှိရင်၊ အတော်ခက်မှာဖြစ်ပါတယ်။**

**ဒီနေရာမှာတခုထည့်တွက်ရမှာကတော့၊ ခရစ်ယာန်တွေအကြောင်းပြောနေတာဖြစ်တယ်။ ခရစ်ယာန်မိဘနဲ့ခရစ်ယာန်သား သမီးတွေကို ပြောနေတာဖြစ်တယ်။ ဒီတော့ ဘယ်ခရစ်ယာန်မိဘကမှ၊ စစ်မှန်သောခရစ်ယာန်ဆိုရင်၊ သားသမီးတွေကို ကျမ်းစာနဲ့မ ကိုက်ညီတာ ခိုင်းမှာမဟုတ်ပါဘူး။ ခက်နေတာက မြန်မာပြည်မှာ ခရစ်ယာန်မိဘတွေကလည်း သူတို့ရဲ့ဘုရားပေးတာဝန်ကို သိပ်မ သိကြတော့ဘူး။ ဒါ့ကြောင့် သေတာနဲ့သူဦးလေးတို့လိုဖြစ်နေကြတယ်။ အမည်ခံခရစ်ယာန်တွေပေါ့။ ဒါ့ကြောင့် မိဘကလည်း ဘု ရားသခင်ပြောသလို ကလေးတွေကို ဘုရားသခင်ရဲ့ပဋိညာဉ်သားသမီးတွေအဖြစ် သိရမှာဖြစ်တယ်။ ဒါကြောင့် ပေါလုက မိဘက လည်း သားသမီးကို သေချာဆုံးမသွန်သင်ပါလို့ပြောတာ၊ မိဘက သားသမီးကို အနိုင်မကျင့်ရဘူး၊ ဒါ့အပြင် အလိုမလိုက်ရဘူး။ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေခြင်းနဲ့ကြီးပြင်းလာအောင် ဆုံးမရမှာဖြစ်တယ်။**

**အခြားဆက်နွယ်သောအကြောင်းအရာများ**

**ပေါလုက ဒီပညတ်တော်ကို ရှင်းပြတဲ့အခါမှာ ဒီလိုဆက်ရေးပါတယ်။** "အစေခံကျွန်တို့၊ ခရစ်တော်၏စကားကိုနားထောင်သကဲ့သို့ ကြောက်ရွံ့တုန်လှုပ်လျက်၊ စိတ်သစ္စာမရှိသဲ လောကီသခင်၏စကားကိုနားထောင်ကြလော့။– လူတို့၏စိတ်ကိုဖျားယောင်းစေသောသူကဲ့သို့ မျက်မှောက်၌သာ နားထောင်သည်မဟုတ်၊ ခရစ်တော်၏ကျွန်ကဲ့သို့ စေတနာစိတ်နှင့် ဘုရားသခင်၏အလိုတော်ကိုဆောင်၍၊– လူ၏အစေကိုသာခံသကဲ့သို့မဟုတ်၊ သခင်ဘုရား၏အစေကိုခံသကဲ့သို့ ကြည်ညိုသောသဘောနှင့် အစေကိုခံကြလော့။– ကောင်းသောအကျင့်ကိုကျင့်သောသူမည်သည်ကား၊ ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ သခင်ဘုရား၏လက်တော်မှ အကျိုးကိုခံရလိမ့်မည်ဟုသိမှတ်ကြလော့။– သခင်တို့၊ ခြိမ်းခြောက်ခြင်းကိုချုပ်တည်း၍၊ ကိုယ်ကျွန်တို့ကို ထိုနည်းတူပြုကြလော့။ သင်တို့၏သခင်သည် ကောင်းကင်ဘုံ၌ရှိတော်မူသည်ဖြစ်၍၊ ထိုသခင်သည်အဘယ် သူ၏မျက်နှာကို မထောက်တော်မမူသည် ကို၎င်း သိမှတ်ကြလော့"**(ဖေက် ၆း၅–၉)။ ဒီကျမ်းပိုဒ်တွေရဲ့ပထမပိုင်း (အငယ် ၅ ကနေ ၈)အထိကိုကြည့်ရင်၊ အလုပ်သမားဖြစ်သူ ခရစ်ယာန်က မိမိအလုပ်ရှင်အပေါ်မှာထားရမဲ့ သစ္စာနဲ့ ရိုသေခြင်းကိုတွေ့ရပါတယ်။ ဘုရားသခင်ကိုယုံကြည်သောခရစ်ယာန်ဟာ အလုပ်ရှင်အပေါ်ရိုသေလေးစားသော အလုပ်သမားဖြစ်တယ်လို့ပြောတာဖြစ်တယ်။ ပြီးတော့ အဆုံးသတ်ပိုင်း (အငယ် ၉ )ကိုကြည့် ရင်၊ ခရစ်ယာန်အလုပ်ရှင်ဟာ ဘုရားသခင်ကိုယုံ ကြည်လို့ မိမိထံမှာအလုပ်လုပ်ကြသောလုပ်သားတွေကို ဒီပညတ်တော်အရ ဆက် ဆံပုံဆက်ဆံနည်းကို ဆက်ပြောပြထားတာဖြစ်တယ်။ ဒါ့ကြောင့် ပေါလုက ရိုသေသင့်သူကို သင့်တော်သော ရိုသေလေးစားခြင်း ပြ ပါလို့ ပြောခဲ့တာပေါ့။**

**ကျွန်တော်တို့ခရစ်ယာန်တွေလေးစားရမဲ့သူတွေကတော့၊–**

**(၁) မိဘနှစ်ပါး**

**(၂) သင်းအုပ်၊ အသင်းလူကြီး၊ သင်းထောက်၊ မိမိထက်အသက်ကြီးသူခရစ်ယာန်ညီအကိုမောင်နှမများ**

(၃) ကျောင်းဆရာများ
(၄) အစိုးရဌာနမှ အုပ်ချုပ်သူများ
(၅) မိမိတို့အလုပ်ရှင်များ
(၆) မယုံကြည်သူဖြစ်သော်လည်း မိမိထက်အသက်ကြီးသူများအားလုံး

ဒါတွေအားလုံးဟာ ဘုရားသခင့်မျက်နှာတော်ကြောင့် လေးစားရှိသေကြတာဖြစ်တယ်။ ဒီတော့ ဘုရားသခင့်ပညတ်တော်တွေကို ကျွန်တော်တို့လေးစားရမယ့်သူတွေက ချိုးဖေါက်ခိုင်းရင်တော့ လိုက်နာစရာမလိုတော့ပါဘူး။ သူတို့ကို လေးစားခိုင်းသူဟာ ဘုရားသခင်ဖြစ်တော့၊ ဘုရားသခင့်ပညတ်တွေကို သူတို့က ကျော်ပြီးကျွန်တော်တို့ကို လွှမ်းမိုးလို့မရပါဘူး။ ဒါကို သေချာသိတဲ့ခရစ်ယာန်ဟာ ကမ္ဘာပေါ်မှာ ပျော်ရွှင်စွာ၊ ကောင်းချီးမင်္ဂလာများကို ဆွေစဉ်မျိုးဆက် ခံစားပြီးအသက်ရှင်နိုင်ကြမှာဖြစ်ပါတယ်။ (ဆရာဆန်ကဲ့)

++++++++++++++++++++++++++++++++++++

သုတ္တံ ၁၀း၁–၃၂ (ဂျိန်းဘုရင်မှ)

၁ – ဆော်လမွန်၏ ပညာရှိစကားများဖြစ်သည်။ ပညာရှိသောသားသည် ဝမ်းမြောက်နေသောဖခင်ကို ဖြစ်စေသည်၊ သို့သော် မိုက်မဲသောသားကမူ သူ့မိခင်ကို ရင်လေးစေပါသည်။

၂ – ဆိုးယုတ်ခြင်း၏ဘဏ္ဍာတို့သည် အကျိုးရလဒ် ဘာကိုမှ မပေးပါ၊ သို့သော် ဖြောင့်မတ်ခြင်းကမူ သေခြင်းမှ ကယ်နုတ်ပေးပါသည်။

၃ – ဘုရားသခင်သည် ဖြောင့်မတ်သူတို့၏ဝိညာဉ်ကို ငတ်မွတ်ရန် အခွင့်ပေးလိမ့်မည် မဟုတ်ပါ၊ သို့သော် သူသည် ဆိုးယုတ်သူတို့ ၏ ဥစ္စာပစ္စည်းများကို အဝေးသို့လွှင့်ပစ်လိုက်ပါသည်။

၄ – လက်ကျောမတင်းသောလက်နှင့် ကိုင်တွယ်ဖြေရှင်းသူသည် ဆင်းရဲသွားသည်၊ သို့သော် လုံ့လဝီရိယရှိသောလက်က ချမ်းသာစေသည်။

၅ – နွေအခါတွင်စုသိမ်းသူသည် ပညာရှိသောသားဖြစ်သည်၊ သို့သော် ရိတ်သိမ်းချိန်တွင် အိပ်နေသူသည် အရှက်ကွဲခြင်းကို ဖြစ်စေသောသားဖြစ်သည်။

၆ – ကောင်းချီးမင်္ဂလာများသည် ဖြောင့်မတ်သူ၏ခေါင်းပေါ်တွင်ရှိကြသည်၊ သို့သော် ရက်စက်ကြမ်းကြုတ်ခြင်းက ဆိုးယုတ်သူ၏နှုတ်ကို ဖုံးအုပ်ပါသည်။

၇ – ဖြောင့်မှန်သူကို မှတ်မိသတိရခြင်းသည် ဝမ်းမြောက်စရာများသာဖြစ်ပါသည်၊ သို့သော် ဆိုးယုတ်သူ၏နာမည်မှာ ပုတ်သိုးဆွေးမြည့်သွားမည်ဖြစ်သည်။

၈ – နှလုံးသား၌ဉာဏ်ပညာရှိသူသည် ပညတ်တော်များကို လက်ခံလိမ့်မည်ဖြစ်သည်၊ သို့သော် တတွတ်တွတ်ပြောနေသော လူမိုက်သည် ကျရှုံးမည်ဖြစ်သည်။

၉ – ဖြောင့်မှန်စွာလျှောက်လှမ်းသူသည် ကျိန်းသေစွာလျှောက်လှမ်းသူဖြစ်သည်၊ သို့သော် မိမိ၏လမ်းတို့ကို လွဲမှားစေသူကို လူအများက သိလာမည်ဖြစ်သည်။

၁၀ – မျက်စိမှိတ်ပြအချက်ပေးသူသည် ဝမ်းနည်းခြင်းကိုဖြစ်ပွားစေသည်၊ သို့သော် တတွတ်တွတ်ပြောနေသောလူမိုက်သည် ကျရှုံးမည်ဖြစ်သည်။

၁၁ – ဖြောင့်မတ်သူ၏နှုတ်သည် အသက်ရေတွင်းဖြစ်သည်၊ သို့သော် ရက်စက်ကြမ်းကြုတ်ခြင်းက ဆိုးယုတ်သူ၏နှုတ်ကို ဖုံးအုပ်ပါသည်။

၁၂ – မုန်းတီးခြင်းက ပဋိပက္ခများကို လှုံ့ဆော်ပါသည်၊ (သို့) ချစ်ခြင်းက အပြစ်အားလုံးကို ဖုံးအုပ်ပေးပါသည်။

၁၃ – နားလည်ခြင်းရှိသောသူ၏ နှုတ်ခမ်းတို့တွင် ဉာဏ်ပညာကိုတွေ့ရသည်၊ သို့သော် ကြိမ်လုံးသည် နားလည်ခြင်းကင်းမဲ့သူ၏ ကျောပြင်အတွက် ရှိပါသည်။

၁၄ – ပညာရှိသူတို့က အသိပညာကို စုဆောင်းကြပါသည်၊ သို့သော် မိုက်မဲသူ၏နှုတ်သည် ပျက်စီးခြင်းနှင့် နီးစွာရှိပါသည်။

၁၅ – ချမ်းသာသူ၏ကြွယ်ဝခြင်းသည် သူ၏ခိုင်ခန့်သောမြို့တော်ဖြစ်ပါသည်၊ ဆင်းရဲသူတို့၏ပျက်စီးခြင်းသည် သူတို့၏ဆင်းရဲခြင်းပင် ဖြစ်ပါသည်။

၁၆ – ဖြောင့်မတ်သူ၏အလုပ်လုပ်ခြင်းသည် အသက်ရှင်ခြင်းနှင့်ဆိုင်ပါသည်၊ ဆိုးညစ်ခြင်း၏အသီးအပွင့်သည် အပြစ်ပြုဖို့ဖြစ်သည်။

၁၇ – သွန်သင်ခြင်းကို စောင့်ရှောက်ထိန်းသိမ်းသူသည် အသက်ရှင်ခြင်းလမ်းတွင်ဖြစ်သည်၊ သို့သော် ဆုံးမခြင်းကို ငြင်းဆိုသောသူသည် လမ်းမှားမည်ဖြစ်သည်။

၁၈ – မုန်းတီးခြင်းကို လိမ်ညာခြင်းနှုတ်ခမ်းတို့ဖြင့် ဖုံးအုပ်သူ၊ အသရေပျက်အောင်ပြောဆိုသူသည် မိုက်မဲသူဖြစ်သည်။

၁၉ – မြောက်မြားလှစွာသောစကားလုံးတို့ဖြင့် အပြစ် မပါဘဲ မဖြစ်တတ်ပါ၊ သို့သော် မိမိနှုတ်ခမ်းတို့ကို ထိန်းသိမ်းနိုင်သူသည် ပညာရှိဖြစ်သည်။

၂၀ – ဖြောင့်မတ်သူ၏လျှာသည် ရွေးချယ်ထားသော ငွေသတ္တုနှင့် တူပါသည်၊ ဆိုးယုတ်သူ၏နှလုံးသားသည် တန်ဖိုးအနည်းငယ်သာ ရှိသည်။

၂၁ – ဖြောင့်မတ်သူ၏နှုတ်ခမ်းတို့သည် အများကို ကျွေးမွေးသည်၊ သို့သော် မိုက်မဲသူတို့မှာမူ ဉာဏ်ပညာလိုအပ်သောကြောင့် သေကြသည်။

၂၂ – ဘုရားသခင်၏ကောင်းချီးမင်္ဂလာဆိုသည်မှာ၊ ၄င်းက ချမ်းသာစေသည်၊ ထို့နောက် ၄င်းနှင့်အတူ ဘုရားသခင်က ဝမ်းနည်းခြင်းကို ထပ်ပေါင်းမထည့်ပေးပါ။

၂၃ – ကမြင်းကျောထဒ္ဒက္ခပေးခြင်းသည် လူမိုက်အတွက် ကစားသကဲ့သို့ဖြစ်သည်၊ သို့သော် နားလည်ခြင်းရှိသူတွင် ဉာဏ်ပညာရှိသည်။

၂၄ – ဆိုးယုတ်သူကြောက်ရွံ့သောအရာသည် သူ့အပေါ် ရောက်လာလိမ့်မည်၊ သို့သော် ဖြောင့်မတ်သူ၏လိုအင်ဆန္ဒကို တကယ်ဖြစ်လာစေပါမည်။

၂၅ – လေပွေလွန်သွားတတ်သလို၊ ဆိုးယုတ်သူသည် ရှိတော့မည်မဟုတ်၊ သို့သော် ဖြောင့်မတ်သူသည် ထာဝရအခြေခံအုတ်မြစ်ဖြစ်သည်။

၂၆ – ရှလကာရည်သည် သွားအတွက်ဖြစ်သလို၊ ထို့အတူ မီးခိုးသည် မျက်လုံးများအတွက်ဖြစ်သလို၊ ပျင်းရိသူသည် သူ့အား စေလွှတ်သူတို့အတွက်ဖြစ်ပါသည်။

၂၇ – ဘုရားသခင်ကိုကြောက်ရွံ့ရိုသေခြင်းက နေ့များကို ရှည်စေပါသည်၊ သို့သော် ဆိုးယုတ်သူ၏နှစ်တို့သည် တိုတောင်းမည် ဖြစ်သည်။

၂၈ – ဖြောင့်မတ်သူ၏မျှော်လင့်ချက်သည် ဝမ်းမြောက်ခြင်းဖြစ်လိမ့်မည်၊ သို့သော် ဆိုးယုတ်သူ၏မျှော်လင့်ခြင်းမှာမူ ပျက်စီးမည်ဖြစ်သည်။

၂၉ – ဘုရားသခင်၏လမ်းသည် ဖြောင့်မတ်သူအတွက် ခွန်အားဖြစ်သည်၊ သို့သော် ပျက်စီးခြင်းသည် ဆိုးယုတ်ခြင်းဒုစရိုက် ပြုသူတို့ထံ ရောက်လိမ့်မည်ဖြစ်သည်။

၃၀ – ဖြောင့်မတ်သူသည် ဘယ်တော့မှ ဖယ်ရှားခြင်း မခံရ၊ သို့သော် ဆိုးယုတ်သူသည် ကမ္ဘာကိုအမွေမခံရပါ။

၃၁ – ဖြောင့်မတ်သူ၏ပါးစပ်က ဉာဏ်ပညာကိုသာ ထုတ်ဆောင်ပါသည်၊ သို့သော် ကွေ့ကောက်သောလျှာမှာမူ ဖြတ်ထုတ်ခြင်း ခံရမည်။

၃၂ – ဖြောင့်မတ်သူ၏နှုတ်ခမ်းတို့က လက်ခံထိုက်သောအရာကို သိပါသည်၊ သို့သော် ဆိုးယုတ်သူ၏ပါးစပ်ကမူ ကွေ့ကောက်ခြင်းအကြောင်းတို့ကို ပြောပါသည်။

××××××××××××××××××××××

ဖေက် ၄း၁ –၃၂ (ဂျိန်းဘုရင်မူ)

၁ – ထို့ကြောင့် သခင်ဘုရား၏အကျဉ်းခံဖြစ်သူ ငါက သင်တို့သည် သင်တို့ကိုခေါ်ထားသော တာဝန်နှင့်လျှော်ညီစွာ လျှောက်လှမ်းအသက်ရှင်ကြပါဟု တောင်းပန်ပါသည်၊

၂ – အားလုံးသောနှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့နှင့်အတူ၊ စိတ်ရှည်ခြင်းနှင့်အတူ၊ တဦးကိုတဦး ချစ်ခြင်းဖြင့် သည်းခံစောင့်ရှောက်ကြပါ၊

၃ – ငြိမ်းချမ်းခြင်းထဲ၌ နှောင်ဖွဲ့ကြလျှက်၊ ဝိညာဉ်တော်၌ညီညွတ်ခြင်းကို စောင့်ရှောက်ထိန်းသိမ်းရန် ကြိုးစားကြပါ။

၄ – ခန္ဓာတခု၊ ဝိညာဉ်တခုသာရှိနေပါသည်၊ သင်တို့၏ခေါ်ခြင်းသည် မျှော်လင့်ခြင်းတခုထဲသို့ ခေါ်ခြင်းခံရသကဲ့သို့ ဖြစ်ပါသည်၊

၅ – သခင်တပါး၊ ယုံကြည်ခြင်းတခု၊ ဗတ္တိဇံတခု၊

၆ – အားလုံး၏ဖခင်လည်းဖြစ်သူ ဘုရားသခင်တပါးတည်းရှိပါသည်၊ သူသည် အားလုံး၏အထက်၌ရှိသူ၊ အားလုံးကိုထွင်းဖေါက်သူ၊ သင်တို့အားလုံးထဲ၌ရှိသူ ဖြစ်ပါသည်။

၇ – သို့သော် ငါတို့တယောက်စီတိုင်းသို့ ကျေးဇူးတော်ကို ခရစ်တော်၏လက်ဆောင်၏တိုင်းတာခြင်းနှင့်အညီ ပေးထားပါသည်။

၈ – ထို့အတွက်ကြောင့်၊ သူသည် မြင့်သောအရပ်သို့ထက်ကြွသည့်အခါ၊ သူသည် အကျဉ်းချထားခြင်းခံရသူများကို ခေါ်ဆောင်သွားကာ၊ လူတို့ထံ လက်ဆောင်များကို ပေးတော်မူခဲ့ပါသည်ဟု သူက ပြောပါသည်။

၉ –(ယခုတွင် သူသည် အထက်သို့တက်သည်ဟုပြောသောအခါ၊ သူသည် ပထမတွင် ကမ္ဘာကြီး၏အောက်ဖက်အရပ်များသို့ ဆင်းသွားခဲ့ပါသည် မဟုတ်ပါလော?

၁၀ – ထိုသို့ဆင်းသွားခဲ့သူသည်၊ ကောင်းကင်အားလုံးတို့အထက်သို့ တက်သွားသူပင်ဖြစ်ပါသည်၊ ထိုသို့ဖြင့် သူသည် အရာအားလုံးကို ပြည့်နိုင်ရန်ဖြစ်ပါသည်။)

၁၁ – ထို့နောက် သူသည် အချို့ကို တမန်တော်များအဖြစ် ၊ အချို့ကို ပရောဖက်များအဖြစ်၊ အချို့ကို ဧဝံဂေလိဆရာများအဖြစ် ၊ အချို့ကို သင်းအုပ်များနှင့်ဆရာများအဖြစ် ပေးပါသည်၊

၁၂ အဘယ့်ကြောင့်ဆိုသော် သန့်ရှင်းသူတို့၏ပြည့်စုံခြင်းအတွက်၊ အမှုတော်ဆောင်ခြင်းအလုပ်အတွက်၊ ခရစ်တော်၏ကိုယ်ခန္ဓာအား တိုးတက်မြင့်တင်ပေးခြင်းအတွက်ဖြစ်သည်၊

၁၃ – ငါတို့အားလုံး ယုံကြည်ခြင်း၏ညီညွတ်ခြင်းသို့ ရောက်ကြသည့်တိုင်အောင်၊ ဘုရားသခင်၏သားတော်ကိုသိသောအသိပညာသို့ ရောက်ကြသည့်တိုင်အောင်၊ ပြည့်စုံသောလူတဦးအဖြစ်သို့၄င်း၊ ခရစ်တော်၏ပြည့်စုံခြင်း၏အရပ်အမောင်းအတိုင်းအတာသို့၄င်း ရောက်ကြသည့်တိုင်အောင်ဖြစ်ပါသည်၊

၁၄ – ထိုသို့ဖြင့် ငါတို့သည် ယခုချိန်မှစ၍ ရှေ့လျှောက်တွင် ကလေးများကဲ့သို့မဖြစ်ကြတော့ပါ၊ ဟိုဖက်ဒီဖက်သို့ လူးလွန့်လျှက်၊ ဩဝါဒလေ တိုက်ခြင်းတိုင်း၏ ခေါ်ဆောင်သွားခြင်းသို့ ပါမသွားကြတော့ပါ၊ လူတို့၏လှည့်စားမှုဖြင့်၄င်း၊ ကောက်ကျစ်သောဉာဏ်နီဉာဏ်နက်ဖြင့်၄င်း၊ ထိုသို့ဖြင့် လိမ်ညာဖို့ရန်စောင့်နေတတ်ကြသူတို့၏ ဩဝါဒလေတိုက်ခြင်းတို့နောက် ပါမသွားကြတော့ပါ၊

၁၅ – သို့သော် အမှန်တရားကို ချစ်ခြင်းဖြင့် ပြောကြပါသည်၊ သူ့ထံသို့ အရာအားလုံး၌ ကြီးထွားတိုးတက်ကြပါသည်၊ ၄င်းသည် ဦးခေါင်းဖြစ်သည်၊ ခရစ်တော်ပင်ဖြစ်သည်၊

၁၆ – သူ့ထံမှနေ၍၊ ခန္ဓာတခုလုံးသည်၊ စရွေးကိုက် အတူတကွ ဆက်စပ်တည်ရှိနေကြသည်၊ ကျစ်လစ်သပ်ရပ်စွာ အဆစ်အမြစ်တိုင်း၏ ထောက်ပံ့ခြင်းခြင်းဖြင့်၄င်း၊ အစိတ်အပိုင်းတခုစီတိုင်း၏ ပမာဏရှိသည့်အတိုင်း အကျိုးအာနိသင်ရှိစွာလုပ်ကိုင်ခြင်းဖြင့်၄င်း၊ ထိုကိုယ်ခန္ဓာသည် မိမိကိုယ်ကိုချစ်ခြင်းဖြင့် မြှင့်တင်ပေးခြင်းသို့ တိုးတက်ရန် ပြုလုပ်ပေးလျှက်ရှိပါသည်။

၁၇ – ထို့ကြောင့် ဤအရာကို ငါပြောပါသည်၊ သခင်ဘုရားအားဖြင့် သက်သေပေးခြင်းလည်းဖြစ်သည်၊ သင်တို့သည် ယခုမှစ၍ အခြားသောတပါးအမျိုးသားများ အသက်ရှင်ကြသည့်အတိုင်း အသက်မရှင်ကြတော့နှင့်၊ သူတို့သည် သူတို့စိတ်များ၏ အချည်းနှီးမဲ့ခြင်းများ၌ အသက်ရှင်ကြခြင်းဖြစ်သည်၊

၁၈ – သူတို့၏ နားလည်ခြင်းများသည် မှောင်မိုက်သွားကြပြီဖြစ်သဖြင့်၄င်း၊ သူတို့အထဲတွင်ရှိနေသည့် မသိနားမလည်ခြင်းဖြင့် ဘုရားသခင်၏အသက်ဖြင့် ကင်းကွာလျှက်ရှိနေကြသဖြင့်၄င်း၊ သူတို့နှလုံးသားများ၏ ကန်းနေခြင်းကြောင့်၄င်း၊

၁၉ – ခံစားခြင်းကို ကျော်လွန်သူများဖြစ်ကြသည်နှင့်အညီ၊ မိမိတို့ကိုယ်ကို ကာမရာဂစိတ်ပြင်းပြခြင်းသို့ ပေးအပ်လိုက်ကြပါသည်၊ အားလုံးသောမသန့်ရှင်းခြင်းများကို လောဘကြီးခြင်းနှင့်အတူ လုပ်ကိုင်ကြဖို့ဖြစ်သည်။

၂၀ – သို့သော် သင်တို့သည် ခရစ်တော်ကို သင်ယူကြပြီမဟုတ်ဘဲ၊

၂၁ – သင်တို့သည် သူ့ကိုကြားခဲ့ကြပြီးလျှင်၊ အမှန်တရားသည် ယေရှု၌ရှိသည်နှင့်အညီ၊ သူ၏သင်ပေးခြင်းကို ခံကြရပြီဖြစ်သည်၊

၂၂ – ထိုသို့ဖြင့် သင်တို့သည် ယခင်လျှောက်လှမ်းအသက်ရှင်ခဲ့သော လူဟောင်းကို ချွတ်လိုက်ကြပါသည်၊ ၄င်းသည် လိမ်လည်လှည့်ဖြားသော တပ်မက်ခြင်းတို့အားဖြင့် ပျက်ဆီးယိုယွင်းနေပါသည်၊

၂၃ – ထို့နောက် သင်တို့သည် သင်တို့စိတ်၏ဝိညာဉ်၌ အသစ်ဖြစ်ကြပြီဖြစ်သည်၊

၂၄ – ထို့နောက် သင်တို့သည် လူသစ်ကို ဝင်ဆင်ကြပြီ၊ ၄င်းသည် ဘုရားသခင်နှင့်တူသည်၊ ဖြောင့်မတ်ခြင်းနှင့်စစ်မှန်သောသန့်ရှင်းခြင်းတို့၌ ဖန်ဆင်းထားသည်။

၂၅ – ထို့ကြောင့် လိမ်ညာခြင်းကို အဝေးသို့ဖယ်လိုက်ကြပါ၊ အယောက်တိုင်း မိမိအိမ်နီးချင်းနှင့် အမှန်တရားကိုသာပြောကြပါ၊

၂၆ – သင်တို့ စိတ်ဆိုးပါ၊ အပြစ်မပြုနှင့်၊ သင်၏အမျက်ဒေါသအပေါ် နေဝင်မသွားစေနှင့်

၂၇ – ထို့အတူ နတ်ဆိုးကိုနေရာမပေးနှင့်

၂၈ – ခိုးသောသူသည် နောက် မခိုးတော့နှင့်၊ သို့သော် ၄င်းသည် အလုပ်လုပ်ပါစေ၊ ကောင်းသည်ဆိုသောအရာကို သူ၏လက်တို့နှင့် လုပ်ကိုင်ပါစေ၊ ထိုသို့ဖြင့် သူသည် လိုအပ်သူတို့ကို ပေးကမ်းနိုင်ပါမည်။

၂၉ – မည်သည့် ပျက်ဆီးပေါက်ပြန်သောဆက်ဆံပြောဆိုခြင်းကိုမှ သင်တို့နှုတ်ထဲက မထွက်စေကြနှင့်၊ အကျင့်စာရိတ္တ မြှင့်တင်ပေးနိုင်မည့် ကောင်းမွန်သောစကားတို့ကိုသာ ထွက်စေပါ၊ ကြားရသူများထံ ကျေးဇူးတော်ကို လုပ်ဆောင်ပေးမည့် စကားတို့ကိုသာ ထွက်စေကြပါ။

၃၀ – ထို့အပြင် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်၊ ၄င်းအားဖြင့် သင်တို့ကို ကယ်လွှတ်ခြင်းနေ့တိုင်အောင် တံဆိပ်ခတ်နှိပ်ထားပါသည်။

၃၁ – ခါးသီးခြင်းအားလုံး၊ အမျက်ဒေါသအားလုံး၊ စိတ်ဆိုးခြင်းအားလုံး၊ ပွက်လောညံခြင်းအားလုံး၊ ဆိုးညစ်သောပြောဆိုခြင်းအားလုံးနှင့် မလိုမုန်းထားခြင်းအားလုံးတို့ကို သင်တို့ထံမှ ဖယ်ပစ်ကြကြပါ၊

၃၂ – ထို့နောက် တဦးနှင့်တဦး ကျင်နာကြပါ၊ သနားခြင်းရှိကြပါ၊ ဘုရားသခင်ကလည်း သင်တို့ကို ခရစ်တော်အတွက် ကြောင့် ခွင့်လွှတ်သကဲ့သို့၊ တဦးကိုတဦး အပြစ်မှခွင့်လွှတ်ကြပါ။

++++++++++++++++++++++++++

## သခင်ဘုရား၏နေ့(၁၁)

၂၉။ ဘုရားသခင်၏သားတော်အား အဘယ့်ကြောင့် ကယ်တင်ရှင်ဟုအစီပွါယ်ရသော ယေရှု ဟုခေါ်ပါသနည်း?

အဘယ့်ကြောင့်ဆိုသော် သူသည် ကျွန်ုပ်တို့ကိုကယ်တင်ကာ၊ အပြစ်များမှလွတ်စေ၍ဖြစ်သည်။ ထို့အတူ ကျွန်ုပ်တို့သည် အခြားမည်သည့်နေရာ၌မျှ ကယ်တင်ခြင်းကိုမရှာဖွေသင့်ပါ။ တွေ့လဲတွေ့နိုင်မည်မဟုတ်ပါ။

(မဿဲ ၁း၂၁၊ တမန် ၄း၁၂)

၃၀။ ဤသို့ဆိုလျှင် မိမိတို့၏ကယ်တင်ခြင်းနှင့်ကောင်းကျိုးချမ်းသာကို၊ မိမိတို့ကိုယ်ကို၌၄င်း၊ သူတော်စင်များထံ၌၄င်း၊ (သို့) အခြားတနေရာရာ၌၄င်း ရှာဖွေသူများသည် တပါးတည်းသော ကယ်တင်ရှင် သခင်ယေရှုကို ယုံကြည်ကြပါသ လား?

မယုံကြည်ကြပါ။ သူ့အကြောင်းကို စကားလုံးများဖြင့် ကြွေးဝါနေကြသော်လည်း၊ လက်တွေ့အသက်ရှင်ခြင်းတွင် သခင်ယေရှုသာလျှင် ကယ်လွှတ်သူနှင့်ကယ်တင်ရှင်ဖြစ်ကြောင်းကို ငြင်းပယ်ကြပါသည်။ ထို့ကြောင့် ဤအကြောင်းအရာနှစ်ခုမှ တခုသာလျှင် မှန်နိုင်မည်။ သခင်ယေရှုသည် မပြည့်ဝသော ကယ်တင်ရှင်ဖြစ်မည်၊ (သို့) ထို ကယ်တင်ရှင်အား စစ်မှန်သော ယုံကြည်ခြင်းဖြင့် လက်ခံသူတိုင်း သူ့ထံ၌ မိမိတို့၏ကယ်တင်ခြင်းနှင့်ပတ်သက်၍ လို အပ်သမျှအားလုံးကို သူ့ထံမှ ရရှိမည်။
(၁ကော ၁း၁၃၊၃၁၊ ဂလာ ၅း၄၊ ကော ၂း၂၀၊ ဟေရှာ ၉း၆–၇၊ ကော ၁း၁၉–၂၀)

××××××××××××××××××××××××××××××××××××××